# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 6, 2020 Volume 33, Number 4


### ၆.၇.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၁ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၄/- ကျပ် |
| CBM Rate | = ၁၃၇၁.၁ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၄.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၁၂.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၄.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လ | = ၉၅၄.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၇၇ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၀.၁၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၁၀၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## စီးပွားရေးသံမှူးများ၏ ဆောင်ရွက်ချက်ဖြင့် ဈေးကွက်အသစ်များ ထပ်မံရှာဖွေမည်ဟုဆို

COVID–19 ကပ်ရောဂါ အလွန်တွင် မြန်မာနိုင်ငံမှ ပို့ကုန်မြှင့်တင်ရန် စီးပွားရေးသံမှူးများ၏ ဆောင်ရွက်ချက်ဖြင့်ဈေးကွက်အသစ်များ ထပ်မံရှာဖွေသွားမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ COVID ကပ်ရောဂါဖြစ်နေချိန်တွင် ဆန်၊ ပြောင်းဖူးစေ့စသော လယ်ယာထွက်ကုန်တင်ပို့မှု တိုးတက်လာခြင်းကြောင့် ယခုဘဏ္ဍာနှစ်ကိုးလအတွင်း ပို့ကုန်တန်ဖိုးက ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း ၆၅၀ ကျော်ပိုများသည်။ စီးပွား/ကူးသန်းဝန်ကြီးဌာနစာရင်းအရ ယခုဘဏ္ဍာနှစ်ကိုးလအတွင်း ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၃ ဘီလီယံကျော်တင်ပို့နိုင်ခဲ့သည်။ "COVID ကာလ နိုင်ငံတကာဈေးကွက်မှ စားနပ်ရိက္ခာကလွဲပြီး ကျန်တဲ့ကုန်ပစ္စည်းတွေက အရောင်းအဝယ်အတော်ပါးနေတယ်"ဟု ဦးခင်မောင်လွင်က ပြောသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် ၃၀ ရာခိုင်နှုန်းခန့် ပါဝင်နေသော လက်ခစားချုပ်ပြီးအထည်တင်ပို့မှုလုပ်ငန်းမှ ဝင်ငွေကလည်း ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ ၆၅ သန်းခန့် လျော့နည်းကြောင်း ၎င်းကပြောသည်။ ပြည်ပဈေးကွက်တွင် မြန်မာပို့ကုန်များ ဈေးကွက်လျော့ကျလာခြင်းကိုကုစားရန် ပြည်ပတွင်သွားရောက် တာဝန်ထမ်းဆောင်မည့် စီးပွားရေးသံမှူးများကို ဈေးကွက်ရှာဖွေရေးများလုပ်ဆောင်ရန် စီးပွားကူးသန်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဇွန်လ ၃၀ ရက်က တွေ့ဆုံမှာကြားသည်။

မြန်မာနိုင်ငံမှ ရုစ်နိုင်ငံသို့ စီးပွားရေးသံမှူးကိုးဦးကိုစေလွှတ် တာဝန်ပေးထားသည်။ အမေရိကန်၊ ဂျပန်၊ အိန္ဒိယ၊ ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်း၊ ဘယ်လ်ဂျီယံနိုင်ငံတို့တွင် စီးပွားရေးသံမှူးတစ်ဦးစီနှင့် တရုတ်နိုင်ငံတွင် နှစ်ဦးစေလွှတ်တာဝန်ချထားသည်။ အဆိုပါစီးပွားရေးသံမှူးများကို ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေချိန်နှင့် ကပ်ရောဂါအလွန်ကာလများတွင် အခြားနိုင်ငံများ၏စီးပွားရေး ပြန်လည်ထူထောင်မှုအခြေအနေနှင့် ဈေးကွက်အခြေအနေများ လေ့လာအစီရင်ခံတင်ပြရန်လည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

မြန်မာသံရုံးဖွင့်လှစ်ထားသောနိုင်ငံများတွင် စီးပွားရေးသံမှူးများခန့်ထားခြင်းက နိုင်ငံစီးပွားရေးနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် အထောက်အကူပြုကြောင်း မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူအချို့ကပြောသည်။

**Source:** https://7day.news/detail?id=191231


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အိန္ဒိယမှဝယ်လိုအားနည်းသဖြင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံဈေးကျဆင်း



အိန္ဒိယနိုင်ငံမှ မတ်ပဲအပါအဝင် ပဲမျိုးစုံဝယ်လိုအား လျော့နည်းသဖြင့် ပြည်တွင်းတွင် မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းကျဆင်းနေကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယအစိုးရက မတ်ပဲတန်လေးသိန်းတင်သွင်းရန် ကုမ္ပဏီအချို့ကို လိုင်စင်ချထားပေးသော်လည်း ယင်းနိုင်ငံတွင် ကမ္ဘာ့ကပ်ရောဂါ COVID-19 ပျံ့နှံ့မှုကြောင့် မြန်မာနိုင်ငံမှ ပဲတင်သွင်းမှုကို အိန္ဒိယကုမ္ပဏီများလျှော့ချထားသည်ဟု၎င်းကဆိုသည်။ "အိန္ဒိယက တွန်းတွန်းတိုက်တိုက်နဲ့ ဝယ်တာမျိုးမရှိသေးဘူး" ဟု ဦးမင်းကိုဦးကပြောသည်။

ပြည်တွင်းဈေးကွက်တွင် လက်ရှိမတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းက ဇွန်လနောက်ဆုံးပတ်ကထက် တစ်တန်လျှင် ကျပ်နှစ်သောင်းခွဲဝန်းကျင်ကျဆင်းသွားသည်။ လက်ရှိမတ်ပဲတစ်တန်လျှင် ကျပ် ကိုးသိန်းရှစ်သောင်းငါးထောင်၊ ပဲစင်းငုံတစ်တန်လျှင် ကျပ်နှစ်သိန်းတစ်သောင်းခွဲဈေးဖွင့်သည်။ တရုတ်အပါအဝင် အခြားနိုင်ငံများသို့ အဓိကတင်ပို့နေသည့် ပဲတီစိမ်းဈေးနှုန်းကတစ် တန်လျှင် ကျပ်တစ်ဆယ့်သုံးသိန်း ဈေးဖွင့်သည်။

မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန်လေးသိန်းကို အိန္ဒိယအစိုးရက ယခုနှစ်ဇွန်လမှသြဂုတ်လကုန်အတွင်း တင်သွင်းမည်ဟု ထုတ်ပြန်ကြေညာထားသည်။ အချိန်သုံးလအတွင်း မတ်ပဲတန်ချိန် လေးသိန်းတင်သွင်းမည့်အစီအစဉ်မှာ မလွယ်ကူကြောင်း ပြည်တွင်းမှပဲကုန်သည် အချို့ကသုံးသပ်သည်။ ထို့အပြင်အိန္ဒိယနိုင်ငံမှ ပဲခွဲစက်လုပ်ငန်းရှင်များကလည်း မတ်ပဲတန် လေးသိန်း တင်သွင်းမှုနှင့်ပတ်သက်၍ အချိန်သတ်မှတ်ချက်တိုးမြှင့်ပေးရန် အိန္ဒိယအစိုးရထံတင်ပြထားသည်။ အိန္ဒိယတွင်အမှန်တကယ် မတ်ပဲလိုအပ်ချက်များမည်ဆိုလျှင် အိန္ဒိယအစိုးရက မြန်မာနိုင်ငံမှ မတ်ပဲတင်သွင်းမှုကို အချိန်ထပ်မံတိုးပေးနိုင်မည်ဟု ပြည်တွင်းပဲ ကုန်သည်အချို့ကပြောသည်။

**Source:** https://7day.news/detail?id=191233

## မကွေးမြို့နယ်အတွင်း မိုးခေါင်သဖြင့် နှမ်းပင်များပျက်စီးဖွယ်ရှိ

မကွေးမြို့နယ်အတွင်း ၁၀ ရက်အတွင်း မိုးမရွာခဲ့ပါက စိုက်ပျိုးထားသည့်နှမ်းပင်များ သေတော့မည်ဖြစ်ကြောင်း နှမ်းစိုက်တောင်သူများက ဇူလိုင် ၄ ရက်တွင်ပြောသည်။ ယခုနှစ်တွင် နှမ်းပင်များ ၄၅ ရက်သား အသီးအပွင့်တို့ပွင့်ချိန်တွင် မိုးပြတ်သွားခြင်းနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဖိုလေးလုံးကျေးရွာမှ တောင်သူ ကိုကျော်ဆန်းကပြောသည်။ "နှမ်းစိုက်တာမှာ ယေဘုယျအားဖြင့် စစိုက်မိုး၊ အလယ်မိုး၊ အောင်မိုးဆိုပြီးရှိပါတယ်။ ခုက အောင်မိုးလိုတာမဟုတ်သေးဘူး၊ အသီးအပွင့်တွေပွင့်တဲ့အချိန်မှာ မိုးမရတော့ အပွင့်တွေမပွင့်နိုင်တော့ဘူး။ လုံးလုံးသေသွားတဲ့ အခင်းတွေလည်းရှိတယ်"ဟု ၎င်းကဆိုသည်။ မသေသည့် နှမ်းပင်များမှာလည်း သီးနှံထွက်နှုန်း ထက်ဝက်ကျော်အထိ လျော့ကျမည်ဖြစ်သဖြင့် တောင်သူများအရှုံးနှင့်သာ ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း လိပ်ကန်ကျေးရွာမှ ကိုအောင်သူဝင်းကပြောသည်။ "ခုနှစ်ကတော့ တစ်ခါဖျက်ရ၊ နှစ်ခါဖျက်ရနဲ့ သုံးခါဖျက်ရတဲ့ သူကတော့ လုံးလုံးပြီးသွားပြီ။ ပြန်စိုက်ဖို့အချိန်မမီတော့ဘူး။ ကျွန်တော့အခင်း နှစ်ခင်းဖျက်လိုက်ရပြီး ကျန်တဲ့ တစ်ခင်းကလည်း ဘာမှရမှာမဟုတ်တော့ဘူး"ဟု ၎င်းကဆိုသည်။

ယင်းကဲ့သို့နှမ်းပင်များ ပျက်စီးဆုံးရှုံးနေမှုအား မကွေးမြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သတင်းများရရှိထားသော်လည်း ပျက်စီးဆုံးရှုံးမှုမှတ်တမ်းအနေဖြင့် မရရှိသေးဟု ယင်းဌာန၏ မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းကပြောသည်။ "ကျေးရွာအုပ်စု တစ်စုတည်းမှာကိုပဲမတူဘူး။ အရှေ့ခြမ်းက ကောင်းချင်ကောင်းနေမယ်၊ အနောက်ခြမ်းက ပျက်ရင်ပျက်သွားတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ မြေပြုပြင်ရမယ်၊ သီးနှံ၊ မျိုးစေ့ပြောင်းစိုက်ရမယ်။ ကျွန်တော်တို့လည်း ပညာပေးနေပါတယ်"ဟု ၎င်းကဆိုသည်။ ဆုံးရှုံးမှုနှင့်ရင်ဆိုင်နေရသည့်တောင်သူများ ပြန်လည်စိုက်ပျိုးရေးအတွက် ဦးစီးဌာနနှင့် အခြားအရပ်ဘက်ကူညီမှုအဖွဲ့အစည်းများပူးပေါင်း၍ ကူညီသွားရန်အစီအစဉ်ရှိကြောင်း ဦးခိုင်မင်းကပြောသည်။

**Source:** https://7day.news/detail?id=191311

## ပင်လယ်ရေကြောင်းမှ ပြည်ပနိုင်ငံများသို့ တစ်ပတ်အတွင်း မြန်မာ့ဆန်တန်ချိန် ၁၄၀၀၀ ကျော် တင်ပို့ခဲ့ပြီး အီးယူသို့ ဆန်တန်ချိန် ၇၀၀၀ ခန့်ဖြင့် အများဆုံးတင်ပို့ခဲ့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ဇွန် ၇ ရက်မှ ၁၃ ရက်အထိ တစ်ပတ်အတွင်း မြန်မာ့ဆန်တန်ချိန် ၁၄၀၀၀ ကျော်တင်ပို့ခဲ့ပြီး အီးယူသို့ ဆန်တန်ချိန် ၇၀၀၀ ခန့်ဖြင့် အများဆုံးတင်ပို့ခဲ့ကာ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၆၃၀၀ ကျော်တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇွန် ၇ မှ ၁၃ ရက်ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၆ ဒသမ ၀၀၆ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၄၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည်ဟုသိရသည်။ တင်ပို့မှုများမှာ အီးယူနိုင်ငံများသို့ တန်ချိန် ၇၀၀၀ ခန့်၊ အာရှနိုင်ငံများသို့ တန်ချိန် ၆၃၀၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ တန်ချိန် ၁၀၀၀ နီးပါးတင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၄၀၀၀ ခန့် လျော့နည်းတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်ကွဲတင်ပို့မှုအနေဖြင့် ဒေါ်လာ ၅ ဒသမ ၄၁၀ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၇၈၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။ အီးယူနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၈၂၀၀ ခန့်၊ အာရှနိုင်ငံများသို့ တန်ချိန် ၇၄၀၀ ခန့်နှင့် အာဖရိကနိုင်ငံများသို့ ဆန်ကွဲ တန်ချိန် ၁၂၀၀ ခန့်တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၃၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။ အဆိုပါသီတင်းတစ်ပတ်ကာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၄၂၀၀၀ ခန့် တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့နိုင်မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၅၀၀၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ လက်ရှိဘဏ္ဍာနှစ် လေးလခွဲကျော်အတွင်း ပြည်ပသို့ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၂ သန်းကျော်တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ ဒေါ်လာသန်း ၃၆၀ ခန့်အထိရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၂၄၂ သန်းအထိ တင်ပို့ထားပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၃၅၇ ဒသမ ၆၃၇ သန်း ရရှိထားကြောင်း ထုတ်ပြန်ထားသည်။ အဆိုပါကာလအတွင်း နိုင်ငံပေါင်း ၅၉ နိုင်ငံသို့ ဆန်တန်ချိန် ၈၆၈,၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေအမေရိကန် ဒေါ်လာသန်း ၂၆၀ ကျော်ရရှိထားသည်။ ထို့အတူ နိုင်ငံပေါင်း ၅၂ နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၇၃,၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၆ သန်းကျော် ရရှိထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးနှင့်ပင်လယ်ရေကြောင်းကုန်သွယ်မှု နှစ်ခုစလုံးမှ တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူ ဈေးကွက်၊ အာဖရိကဈေးကွက်သို့တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/181302

## မြန်မာ-အိန္ဒိယနယ်စပ်ဖြစ်သည့် တမူးနယ်စပ်ဂိတ်ကို COVID-19 ရောဂါအခြေအနေကြောင့် ဇူလိုင်လကုန်အထိ ဆက်လက်ပိတ်ထားမည်

မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံမဏိပူရ်ပြည်နယ်တွင် COVID-19 ရောဂါပိုးတွေ့လူနာများပြား လာသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်းရှိ မြန်မာ-အိန္ဒိယနယ်စပ် တမူး-မိုရေးနယ်စပ် ဂိတ်များ ဖြစ်သည့် နံပါတ်(၁) ဂိတ်နှင့် နံပါတ်(၂)ဂိတ်ကို ဇွန်လကုန်တွင် ပြန်လည်ဖွင့်လှစ်ရန်စီစဉ်ထားသော်လည်း ဇူလိုင်လကုန်အထိ ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း တမူးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှသိရသည်။အဆိုပါ နယ်စပ်ဂိတ်သည် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုများပြုလုပ်ရာတွင် အရေးပါသောနယ်စပ် ဂိတ်ဖြစ်ရာ နယ်စပ်ဂိတ်များကို မြန်မာနိုင်ငံအစိုးရဘက်မှ ဧပြီ ၁၄ရက်မှစတင်၍ ဧပြီလကုန်အထိပိတ်ထားခဲ့ပြီးနောက် မေလကုန်ထိထပ်တိုးခဲ့ပြီး ထပ်မံ၍ဇွန်လကုန်အထိ ထပ်တိုး ထားကာ ဇွန်လကုန်ပိုင်းက ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ခဲ့သော်လည်း အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်အတွင်း COVID-19 ရောဂါပိုးကူးစက်ခံထားရသူ ဦးရေတိုးပွားနေသဖြင့် နယ်စပ်ဂိတ်ကို ဇူလိုင်လကုန်အထိ ဆက်လက်ပိတ်ထားရန် သက်ဆိုင်ရာမှ ထပ်မံညွှန်ကြားခြင်းဖြစ်သည်။

လက်ရှိတွင် နှစ်နိုင်ငံနယ်စပ် ဈေးဖြစ်သည့် နန်းဖာလုံဈေးကိုလည်းပိတ်ထားပြီး ကုန်သွယ်မှုများ ရပ်ဆိုင်းထားကြောင်း၊ နန်းဖာလုံဈေးသည် အိန္ဒိယနိုင်ငံမဏိပူရပြည်နယ်မှ အဓိကလာရောက်ဈေးဝယ်ကြခြင်းဖြစ်ပြီး ပိုးကူးစက်ခံရသည့် ဦးရေတိုး နေသည့်အချိန်တွင် နယ်စပ်ဂိတ်ဖွင့်၍ဈေးရောင်းပါက မြန်မာနိုင်ငံဘက်ခြမ်းတွင် ပိုးကူးစက်ခံရမှုများဖြစ်ပေါ်လာနိုင်သည့် အခြေအနေကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် နယ်စပ်ဂိတ်ကို ဇူလိုင်လကုန်အထိပိတ်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ တမူးမြို့၌ လည်း COVID-19 ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိကြောင်း အုပ်ချုပ်ရေးမှူးဦးမျိုးမင်းအောင်က ဆက်လက်ပြောကြားသည်။ မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်ကို COVID-19 ရောဂါ ကြောင့် နှစ်လကျော်ပိတ်ထားခဲ့ရာ ကုန်သည်၊ ဈေးသည်များအနေဖြင့် ထိခိုက်မှုရှိကြောင်း၊ ယင်းအတွက် နှစ်နိုင်ငံ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများလည်း ရပ်ဆိုင်းထားရမည်ဖြစ်ပြီး တစ်ဖက်နိုင်ငံ၏ရောဂါဖြစ်ပွားမှုအခြေအနေပေါ်မူတည်၍ ပြန်လည် ဖွင့်လှစ်ခြင်း၊ မဖွင့်လှစ်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ရာ လက်ရှိတွင် နယ်စပ်ဂိတ်များ၌ ဝင်ထွက်သွားလာခြင်းများကိုပါ တားမြစ်ထားကြောင်းသိရသည်။

**Source:** http://www.uniondaily.net/News/DetailView.aspx?id=138628&path=LocalNews.aspx

## ပစ်တိုင်းထောင်ရွှေဖရုံမျိုးမှာ အရသာထူးခြားကောင်းမွန်ပြီး၊ ဈေးကွက်အခက်အခဲမရှိ



တစ်အိုးချက်ရွှေဖရုံဟု ခေါ်ဝေါ်နေသည့် ပစ်တိုင်းထောင် ရွှေဖရုံမျိုး (ရွှေဖရုံသီး အရွယ်အစားအသေး) မှာ အရသာထူးခြားကောင်းမွန်ပြီး၊ ဈေးကွက်အခက်အခဲမရှိ ရောင်းချနေရကြောင်း တောင်သူများကပြောသည်။ ဒီဖရုံမျိုးက စားသုံးသူတွေအတွက် အရသာလည်း ကောင်းပြီး၊ ပုံမှန်စိုက်နေကြ သီးနှံတွေထက်လည်း အကျိုးအမြတ်တွက်ချေကိုက်လို့ စိုက်ပျိုးဖြစ်ခဲ့တာပါ။ ဈေးကွက်အခက်အခဲလည်း တအားတော့မရှိဘူး။ Covid–19 ကာလမို့ ချင့်ချိန်စိုက်ပျိုးရပေမယ့် အသီးအားလုံးရောင်းလို့တော့ ကုန်ပါတယ်။ ဟု ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ တာပါတ်ရွာ၊ ရွှေဖရုံစိုက်ပျိုးသူ ကိုမျိုးမြင့်ဦးကပြောသည်။

အဆိုပါ ရွှေဖရုံမျိုးကို မြို့ခံဒေသအနီးတဝိုက်အပြင် ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချနေရပြီး၊ တစ်လုံးလျှင် ကျပ်(၂၀၀) မှ ကျပ်(၄၀၀) အတွင်း ဈေးရရှိကြောင်းသိရသည်။ တစ်နှစ်ပတ်လည်လုံး စိုက်ပျိုးလို့ရပါတယ်။ စိုက်သက်တမ်း (၂)လခွဲ ကြာတယ်။ စိုက်တဲ့အခါတော့ တိုက်ရိုက်အစေ့ချစိုက်ပျိုးတယ်။ ကျွန်တော်က စင်စနစ်နဲ့ စိုက်ပျိုးထားပါတယ်။ ပုံမှန် ရွှေဖရုံမျိုးတွေက အလုံးတော့ပိုကြီးတယ်။ ပစ်တိုင်းထောင်ရွှေဖရုံက အလုံးသေးတယ်။ အရသာကတော့မတူဘူးပေါ့။ ပစ်တိုင်းထောင်ရွှေဖရုံက ပိုစေးတယ်။ စားရတာ ပိုအရသာရှိတယ်ဟု ကိုမျိုးမြင့်ဦးကဆက်လက်ပြောသည်။ မျိုးထုပ်တစ်ထုပ် လျှင် (၅,၅၀၀)ကျပ် ပေးရပြီး၊ တစ်ဧကစိုက်ပျိုးမည်ဆိုပါက မျိုးထုပ်(၁၆) ထုပ်ကုန်ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/pumpkin_new_variety_have_good_taste_and_good_market

## အရာတော်သနပ်ခါးပွဲရုံတွင် ရခိုင်နှင့်ရောဝတီတိုင်းမှဝယ်သူများကြောင့် ပစ္စည်းပြတ်သည်အထိအရောင်းသွက်

အရာတော်မြို့ နံ့သာမြေ သနပ်ခါးပွဲရုံတွင် ရခိုင်နှင့်ဧရာဝတီမှဝယ်လက်များကြောင့် ပစ္စည်းပြတ်သည်အထိ အရောင်းသွက် ခဲ့ကြောင်း မြန်မာနိုင်ငံသနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုးကပြောသည်။ အရာတော်မြို့နယ် သနပ်ခါးအသင်းက ဦးဆောင် ဖွင့်လှစ်သော နံ့သာမြေသနပ်ခါးလက်လီ၊ လက်ကားပွဲရုံကို ဇူလိုင် ၁ရက်မှ ၃ ရက်အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ရောင်းချရာ သနပ်ခါးပစ္စည်းပြတ်လပ်သည်အထိ အရောင်းသွက်ခဲ့ခြင်းဖြစ်သည်။ "ပွဲရုံမှာတစ်ရက်ကို သနပ်ခါး ၁၅ သိန်း ကျော်လောက်ရောင်းရတယ်။ ဒီသုံးရက်အတွင်းမှာ ဧရာဝတီတိုင်းကျုံပျော်ကပွဲစားနဲ့ ရခိုင်ဘက်ပို့တဲ့ပွဲစားက အများဆုံး ဝယ်သွားတယ်။ မြို့ပေါ်က လက်လီရောင်းတဲ့သူတွေကလည်းဝယ်တော့ နေ့တိုင်းပစ္စည်းပြတ်တဲ့အထိရောင်းရတယ်"ဟု ဦးကျော်မိုးကပြောသည်။

နံ့သာမြေ သနပ်ခါးလက်လီ၊ လက်ကားပွဲရုံတွင် သနပ်ခါးပင် အရွယ်အစားပေါ်မူတည်၍ တစ်ပင်လျှင် ကျပ်တစ်ထောင်မှ ကျပ်ရှစ်ထောင်ခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ၎င်းကပြောသည်။ "အရင်တုန်းက သနပ်ခါး လက်လီရောင်းမယ့်သူတွေက ငွေဆယ်သိန်းဖိုး၊ ဆယ့်ငါးသိန်းဖိုး တောထဲလိုက်ရှာခဲ့ရတာ။ အခုခြံရှင်တွေက ပွဲရုံမှာလာရောင်း တော့ ကြိုက်တဲ့အပင်ရွေးခွင့်ရှိတယ်။ တောင်သူတွေကလည်း ရောင်းချင်တဲ့အပင်ခုတ်ပြီး လာရောင်းလို့ရတော့ တခြားစရိတ်တွေ မကုန်တော့ သလို ဈေးနှိမ်တာလည်း မခံရတော့ဘူး"ဟု အရာတော်မြို့နေ သနပ်ခါးစိုက်သူတစ်ဦးကပြောသည်။

အရာတော်မြို့နယ်တွင် သနပ်ခါးစိုက်ဧကတစ်သိန်းကျော်ရှိပြီး လွန်ခဲ့သော ၂ နှစ်ကျော်အတွင်း သနပ်ခါးဈေးကွက်ကျဆင်းခဲ့သော်လည်း ကိုဗစ်ကာလတွင် သနပ်ခါးဆိုင်များယာယီပိတ်ထားခဲ့ရာမှ ပြန်ဖွင့်ချိန် ဇွန်လအတွင်း သနပ်ခါးဝယ်ယူမှုပြန်လည်မြင့်တက်လာကြောင်း ၎င်းကပြောသည်။

**Source:** https://7day.news/detail?id=191141

## တရုတ်ဝယ်လက် မရှိတော့သည့်အတွက် ပြည်တွင်း၌ နာနတ်သီးများပိုလျှံကာ ဈေးနှုန်းများကျဆင်း




မြန်မာနိုင်ငံမှ နာနတ်သီးများအား တရုတ်ဈေးကွက် တစ်ခုသာ အားထားတင်ပို့လျက်ရှိပြီး ထွက်သမျှ ၅၀ ရာ ခိုင်နှုန်းကို တရုတ်နိုင်ငံအား တင်ပို့ကာ ၅၀ ရာခိုင်နှုန်းအား ပြည်တွင်းဈေးကွက်အား ဖြန့်ဖြူးလျက်ရှိကြောင်းသိရသည်။ သို့သော် ၂၀၁၉ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှ စတင်ကာ မြန်မာနိုင်ငံမှ နာနတ်သီးများ တင်ပို့ရောင်းချခွင့်ကို တရုတ်နိုင်ငံမှ ပိတ်ထားခဲ့ကြောင်းသိရသည်။ ထို့ကြောင့် နာနတ်သီးများ ပြည်တွင်း၌ ပိုလျှံကာ ဈေးနှုန်းများ ကျဆင်းသွားကြောင်းသိရသည်။

ယခင်နှစ်များက ကြိုရောင်းကြိုဝယ်စနစ်ဖြင့် နာနတ်သီး တစ်လုံးလျှင် ၁၅၀ ကျပ် မှ ၂၀၀ ကြားထိရှိခဲ့ပြီး လက်ရှိတွင် နာနတ်သီးတစ်လုံးအား ၁၀၀ အောက်သို့ ရောက်ရှိနေကြောင်းသိရသည်။ ယင်းအပြင် တရုတ်နိုင်ငံသို့ တင်ပို့ချိန်က 1 kg ရှိ နာနတ်သီးတစ်လုံးလျှင် ၃၅၀ မှ ၇၅၀ ကျပ်အထိ ပေါက်ခဲ့ကြောင်းသိရသည်။ " အရင်ဆယ်သိန်းဖိုး ဝယ်နေကျပွဲစားက အခုဆို ၅ သိန်းဖိုးပဲ ဝယ်ကြတယ်။ ဒီနှစ်မှာ သီးနှံကရင့်မှည့်တဲ့ အနေအထားတောင်မရောက်သေးဘူး ကြိုရောင်းကြိုဝယ်လုပ်တဲ့ ဈေးကွက်တောင် တစ်ဝက်လောက်ပြုတ်ကျသွားပြီး " ဟု မြန်မာနိုင်ငံ နာနတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးစိုင်းကျော်ညွန့်ကပြောသည်။

ယခင်က တရုတ်နိုင်ငံသို့ တစ်ရက်လျှင် နာနတ်သီးတန်ချိန် ၃၀၀ မှ ၅၀၀ အထိ တင်ပို့နိုင်ခဲ့ပြီး၊ တရုတ်နိုင်ငံမှ နာနတ်သီးဝယ်ယူရာတွင် အစိမ်းရောင်သာရွေးဝယ်ကြပြီး မျက်စိတွင် အဝါရောင်ပါက ပယ်သီးအဖြစ်သတ်မှတ်ကြောင်း သိရ သည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် အဝါရောင်သန်းမှသာ ဝယ်ယူကြသောကြောင့် နာနတ်တောင်သူများအနေဖြင့် တရုတ်နှင့်မြန်မာပေါင်းရင် ဆုံးရှုံးမှု အနည်းဆုံးဖြစ်ကာ ထွက်ခြေကိုက်နေခဲ့ကြကြောင်းသိရသည်။ လက်ရှိတွင် တရုတ်သို့တင်ပို့၍မရသောကြောင့် ဈေးကွက်မှာ သိသိသာသာကျဆင်းသွားကာ ပြည်တွင်းမြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေးနှင့် မုံရွာမြို့များသို့ အဓိကထားဖြန့်ဖြူးရောင်းချနေကြောင်းသိရသည်။

လက်ရှိ မြန်မာ့နာနတ်သီးဈေးကွက်တွင် ယခုနှစ်အတွင်း၌ ဈေးကွက်လုံးဝမကောင်းနိုင်ကြောင်း နာနတ်သီးစိုက် တောင်သူများက သုံးသပ်ထားသည်။ "နာနတ်သီးနှံကို တရုတ်ပြည်ကို အမြန်ဆုံးပြန်လည်တင်ပို့နိုင်ဖို့အတွက် နိုင်ငံတော်အနေနဲ့ကော၊ စီးပွား/ကူးသန်း၊ ကုန်သည်စက်မှုအသင်းချုပ်တို့နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ချင်ပါတယ်။ တင်ပို့နိုင်ရေးဆောင်ရွက်ပေးစေချင်ပါတယ်။ " ဟု အတွင်းရေးမှူး ဦးစိုင်းကျော်ညွန့်က ဆက်လက်ပြောသည်။ လက်ရှိတွင် နာနတ်တောင်သူများ ပြန်လည်ကုစားရေးအတွက် စီးပွားကူးသန်းနှင့်သစ်သီးဝံလံအသင်းချုပ်တို့ပူးပေါင်းကာ ရန်ကုန်မြို့ရှိ ဒညင်းကုန်ဈေး၊ သီရိမင်္ဂလာဈေး ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ၂၄ နာရီ ပြန်လည်ရောင်းချနိုင်ရေး ဆောင်ရွက်နေကြောင်းသိရ သည်။ လက်ရှိ မြန်မာတစ်နိုင်ငံလုံးတွင် နာနတ်သီးစိုက်သည့်ဧကမှာ ၃၅၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

**Source:** http://htwettoe.com/article-details/news/9603089

## COVID-19 ရန်ပုံငွေကျပ် ဘီလီယံ ၁၀၀ ကို ဒုတိယအကြိမ်ထုတ်ချေးမည်



COVID-19 ကြောင့် ထိခိုက်သည့် စီးပွားရေးလုပ်ငန်းများကို ကုစားရန် COVID-19 ရန်ပုံငွေ ကျပ်ဘီလီယံ ၁၀၀ ကို ဒုတိယအကြိမ် ထပ်မံထားရှိမည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ဇူလိုင် ၄ ရက်တွင်ထုတ်ပြန်သည်။ ဒုတိယအကြိမ်ရန်ပုံငွေကို သုံးကြိမ်ခွဲ၍ ထုတ်ပေးမည်ဖြစ်ပြီး ချေးငွေပေးမည့် လုပ်ငန်း၊ ချေးငွေသက်တမ်းနှင့် စည်းကမ်းများကို မကြာမီထုတ်ပြန်ပေးသွားမည်ဟုဆိုသည်။ သုံးကြိမ်ခွဲ ထုတ်ပေးရာတွင် ပထမအကြိမ် ကျပ် ၃၅ ဘီလီယံ၊ ဒုတိယ အကြိမ်တွင် ကျပ် ၃၅ ဘီလီယံနှင့် တတိယအကြိမ်တွင် ကျပ်ဘီလီယံ ၃၀ ထုတ်ပေးမည်ဖြစ်သည်။

ထိုထုတ်ချေးငွေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ်ဘီလီယံ ၁၅၀ လွှဲပြောင်း ထုတ်ယူမည်ဟု ဝန်ကြီးဌာနကဆိုသည်။ ထိုကျပ် ဘီလီယံ ၁၅၀ တွင် ကျပ်ဘီလီယံ ၁၀၀ ကို ဒုတိယအကြိမ် COVID-19 ရန်ပုံငွေထဲသို့ ထည့်သွင်းမည်ဖြစ်သည်။ ကျန်ကျပ်ဘီလီယံ ၅၀ ကို ပထမအကြိမ် ရန်ပုံငွေထူထောင်စဉ်က ယူသုံးခဲ့သည့် လူမှုဖူလုံရေး ရန်ပုံငွေသို့ ပြန်လည်လွှဲပြောင်းပေးမည်ဟု ဝန်ကြီးဌာနကဆိုသည်။ ချေးငွေပေးမည့်လုပ်ငန်း၊ ချေးငွေသက်တမ်းနှင့် စည်းကမ်းများကို COVID-19 ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးကော်မတီက ထုတ်ပြန်ပေးမည်ဟု ဝန်ကြီးဌာနကဆိုသည်။

COVID-19 ကြောင့်ထိခိုက်သည့် စီးပွားရေးလုပ်ငန်းများကို ကုစားရန် အစိုးရက လက်ခစားလုပ်ငန်း (CMP)၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်း (SME) လုပ်ငန်းများကို ပထမအကြိမ် ချေးငွေ ကျပ်ဘီလီယံ ၁၀၀ ထုတ်ပေးခဲ့သည်။ ထိုချေးငွေသည် သက်တမ်းတစ်နှစ်ဖြစ်ပြီး အတိုးနှုန်း ၁ ရာခိုင်နှုန်း ဖြစ်သည်။ ထိုပထမအကြိမ် COVID- 19 ရန်ပုံငွေမှ ခုနစ်ကြိမ်မြောက် ချေးငွေထုတ်ပေးနိုင်ခဲ့ပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းရှိ လုပ်ငန်းပေါင်း ၃၄၀၀ ကျော်ကို ချေးငွေ ၁၀၀ ဘီလီယံ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြိမ်ချေးငွေ ထုတ်ပေးရာတွင် ဆောက်လုပ်ရေးလုပ်ငန်းများကို ချေးငွေပေးရန် လုပ်ငန်းရှင်များက တောင်းဆိုနေသည်။ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးရှိန်ဝင်းက ဆောက်လုပ်ရေးလုပ်ငန်းများအတွက် စီမံကိန်း၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ချေးငွေချပေးရန် ဇူလိုင် ၃ ရက်တွင် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံတောင်းဆိုခဲ့သည်။ ထို့အပြင် ဈေးကွက် တုံ့ပြန်မှုအပေါ်မူတည်၍ COVID-19 ရန်ပုံငွေပမာဏကို ကျပ်ငွေဘီလီယံ ၂၀၀ မှ ၅၀၀ အထိ တိုးမြှင့်ရန်လည်း အစိုးရကစီစဉ်ထားသည်။

**Source:** https://7day.news/detail?id=191209

## မန္တလေးတိုင်းတွင် နိုင်ငံတော်အရေးပေါ်ရိက္ခာ ဆန်တန်ချိန် ၃၀၀၀ သိုလှောင်ထားပြီး စားအုန်းဆီတန်ချိန် ၁၄၃၆ တန်ကို ခရိုင်မြို့ကြီး ခုနစ်မြို့တွင် ဆက်လက်သိုလှောင်ထားရှိမည်



နိုင်ငံတော်ရိက္ခာအဖြစ် ဖြန့်ဝေနိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာ အရ ဆန်တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူ သိုလှောင်ထားရှိသွားမည်ဖြစ်ရာ မန္တလေးတိုင်းတွင် နိုင်ငံတော် အရေးပေါ် ရိက္ခာဆန်တန်ချိန် ၃၀၀၀ သိုလှောင်ထားပြီး စားအုန်းဆီ တန်ချိန် ၁၄၃၆ တန်ကို ခရိုင်မြို့ကြီး ခုနစ်မြို့တွင် ဆက်လက်သိုလှောင်ထားရှိမည် ဖြစ်ကြောင်း တိုင်းဒေသကြီးအရေးပေါ် ရိက္ခာလက်ခံ၊ သိုလှောင် ၊ ဖြန့်ဖြူး ရေးလုပ်ငန်း အဖွဲ့ထံမှ သိရသည်။

ဆန်လက်ခံသိုလှောင်ခြင်းကို ပြီးခဲ့သည့်မေလဆန်းပိုင်းက စတင်

ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်း နေရာသုံးနေရာရှိ ဂိုထောင်များ၌ ဆန်တန်ချိန် စုစုပေါင်း ၃၀၀၀ (ဆန်အိတ်ရေ ခြောက်သောင်း)အား လက်ခံသိုလှောင်ထားပြီးဖြစ်ကာ ဆက်လက်၍ စားအုန်းဆီသိုလှောင်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ "ဆန်ကတော့ ဂိုထောင်တွေမှာ လက်ခံတာပြည့်သွားပြီ။ ဆီသိုလှောင်ဖို့အတွက်က မန္တလေးတိုင်း ဒေသကြီးမှာ စုစုပေါင်းဆီတန်ချိန် ၁၄၃၆ တန်သိုလှောင်မှာဖြစ်တယ်။ ဆီသိုလှောင်တဲ့အခါမှာ ခရိုင်မြို့ကြီးတွေအလိုက် ခွဲပြီးတော့ သိုလှောင်သွားဖို့ရှိတယ်။ လက်ရှိမှာ တိုင်းအတွင်းသိုလှောင်နိုင်ဖို့ ရည်ရွယ်ထားတဲ့နေရာ ၂၀ လောက်ရှိတယ်။ ဆီစတင်သိုလှောင်ခြင်းကို လာမယ့်ဇူလိုင် ၂၄ ရက်နဲ့ ၂၈ ရက်အတွင်း စတင်လက်ခံနိုင်ဖို့ဆောက်ရွက်နေတယ်"ဟု မန္တလေးတိုင်း ဒေသကြီး အရေးပေါ်ရိက္ခာလက်ခံ၊ သိုလှောင်၊ ဖြန့်ဖြူးရေးလုပ်ငန်းအဖွဲ့ဝင် MRCCI အသင်းမှ အတွင်းရေးမှူး ဦးဥက္ကာကျော်က ပြောကြားသည်။

ဆီများကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့များဖြစ်သော မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ညောင်ဦး၊ ရမည်းသင်းစသည့်မြို့များရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဂိုထောင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဂိုထောင်များနှင့် အားကစားရုံ စသည်ဖြင့် စားအုန်းဆီများထားရှိရန် အကြံပြုထားသောနေရာများအနက်မှ သင့်လျော်သည့်နေရာများတွင် သိုလှောင်ထားရှိမည် ဖြစ်ကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး အရေးပေါ်ရိက္ခာ စားအုန်းဆီလက်ခံသိုလှောင်ရေးကြီးကြပ်မှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ပြီးခဲ့သည့် ဇူလိုင် ၁ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသ ကြီးဦးစီးမှူးရုံးတွင်ပြုလုပ်ခဲ့သည်။

**Source:** https://news-eleven.com/article/181370

## ကုန်စည်စီးဆင်းမှုလွယ်ကူစေရန် ထိုင်းနိုင်ငံဘက်မှ နယ်စပ်စက်လှေဂိတ်များ ယနေ့ပြန်လည်ဖွင့်လှစ်မည်



ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံးဖြစ်သော မြဝတီနယ်စပ်မှ ကုန်စည်စီးဆင်းမှုလွယ်ကူစေရန် COVID-19 ဂယက်ကြောင့် သုံးလ ကျော်ပိတ်ထားခဲ့ရသော နယ်စပ်စက်လှေဂိတ်များအား လာမည့်ဇူလိုင် ၆ ရက်တွင် ထိုင်းနိုင်ငံဘက်ကဖွင့်လှစ်မည်ဟု မဲဆောက်မြို့တွင် ဇူလိုင် ၄ ရက်က ကျင်းပသည့် တာ့ခ်ခရိုင်အုပ်ချုပ်ရေး တာဝန်ရှိသူများ အစည်း အဝေးရလဒ်များအရသိရသည်။

ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နိုင်ရန် နယ်စပ်ဖြတ်ကျော် ကူးတို့ဆိပ် ၃၃ ခုကို ဖွင့်လှစ်မည် ဖြစ်ကြောင်း တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး နိုင်အန်ဆစ်ဆမ်ဖန်ထရပ်က ထိုင်းဌာနဆိုင်ရာများနှင့် နယ်စပ်ဂိတ်ဖွင့်နိုင်ရေး ညှိနှိုင်း အစည်းအဝေး၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကရင်ပြည်နယ် မြဝတီခရိုင်နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် မဲဆောက်အထူးစီးပွားရေးဇုန်အတွင်းရှိသည့် မဲဆောက်၊ မဲ့လမတ်၊ ဖုတ်ဖရ နယ်စပ်ရှိ ကုန်စည်ပို့ဆောင်ရေးဂိတ် ၃၃ ခု ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဟု အတည်ပြုခဲ့သော်လည်း အမှတ် (၁) ချစ်ကြည်ရေးတံတားပါရှိခြင်း မရှိသေးကြောင်းသိရသည်။ ထိုသို့ သောင်ရင်း ဖြတ်ကျော်လှေဂိတ်များ ဖွင့်လှစ်ရာတွင် နှစ်နိုင်ငံကုန်သွယ်မှုပြုလုပ်ရန်အတွက် ဦးစားပေးဖွင့်လှစ်ခြင်းဖြစ်ပြီး လတ်တလော COVID-19 ကာလ နှစ်နိုင်ငံပြည်သူများ လှေဂိတ်များမှတစ်ဆင့် အပြန်အလှန်ဝင်ထွက်သွားလာခွင့်ကို ဆက်လက် ကန့်သတ်ထားမည်ဖြစ်သည်။

ယခင်က နယ်စပ်ဖြတ်ကျော်စက်လှေဂိတ်များမှတစ်ဆင့် နေချင်းပြန်အလုပ်သမားများ နေ့စဉ်ထောင်ချီ သွားလာခဲ့ကြသလို မြန်မာနိုင်ငံဘက်သို့ ကျောင်းလာတက်သည့် ရွှေ့ပြောင်းကလေးငယ်များလည်း များစွာရှိသည်။ ဇူလိုင် ၆ ရက်တွင် စက်လှေဂိတ် များအား ထိုင်းနိုင်ငံဘက်က ဖွင့်လှစ်မည်ဟုဆိုသော်လည်း မြန်မာနိုင်ငံဘက်တွင် နဂိုကတည်းက တရားမဝင်လှေဂိတ်ဖြစ်၍ တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာမည်မဟုတ်ကြောင်း၊ သို့သော်လည်း ဆိပ်ကမ်းကပ်ခွန်ကို နိုင်ငံတော်က တရားဝင်လေလံ

ပေးထားကြောင်း မြဝတီမြို့မှ ဒေသခံတစ်ဦးကပြောကြားသည်။ "ထိုင်းဘက်က ဖြေလျှော့မှုတွေကို တစ်ဆင့်ပြီးမှတစ်ဆင့် သူ့အတိုင်းအတာနဲ့သူ လုပ်ဆောင်နေပုံရတယ်။ မကြာခင်မှာ အမှတ်(၁) ချစ်ကြည်ရေးတံတားလည်း ပြန်လည်ဖွင့်လှစ်ဖို့ ရှိလာနိုင်ပါတယ်"ဟု ၎င်းကဆိုသည်။

**Source:** https://news-eleven.com/article/181481

## မန္တလေးပဲဈေးကွက်၌ ပဲဇီးကွက် အရောင်းအဝယ်သွက်



ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် မြန်မာ့ထွက်ကုန်သီးနှံ ပဲဇီးကွက်များ မန္တလေးပဲဈေးကွက်၌ အရောင်းအဝယ်များ သွက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှသိရသည်။ အဆိုပါပဲဇီးကွက်ကို တရုတ်နိုင်ငံဈေးကွက်သို့ လွန်ခဲ့သည့် ငါးနှစ်မှစ၍ တင်ပို့ရောင်းချလာခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အရောင်းအဝယ်များ ပုံမှန်ကောင်းမွန်လျက် ရှိသည့်အပြင် ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်တက်လာမှုကြောင့် အရောင်း အဝယ်များ သွက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောကြားသည်။ ''ဒီပဲရဲ့ ပုံစံကိုက ဇီးကွက်ပုံသဏ္ဍာန်လိုရှိပြီး စွန်တာပြာပဲအမျိုးအစားရဲ့ မျိုးစိတ်တစ်ခုဖြစ်တယ်။ ရေစကြို ဒေသမှာ ဒီပဲဇီးကွက်ကို ကျွန်းပေါ်ရွာတွေက ဇီးကွက်နဲ့တူပြီး ရောင်းပန်းလှလို့ လာဘ်ကောင်ပဲလို့ခေါ်ကြတယ်။ ဒီပဲဈေးနှုန်း ကတော့ စပြီးပေါ်ဦးပေါ်ဖျား မတ်လကတည်းက သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၅၂၀၀၀ နှုန်းနဲ့ အဖွင့်ဈေးစခဲ့ပေမယ့် လက်ရှိ အချိန်အထိဒီဈေးအတိုင်း အတက်အကျမရှိဘဲ အရောင်းအဝယ်ဖြစ်နေတာကိုထူးထူးခြားခြားတွေ့ရတဲ့အပြင် အခုရက်ပိုင်းမှာ အိမ်နီးချင်း တရုတ်နိုင်ငံက ထွက်သလောက် ဝယ်နေကြ တယ် ''ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် မန္တလေးပဲဈေးကွက်၌ တရုတ်နိုင်ငံသို့ အဓိကတင်ပို့ကုန် ပဲအမျိုးအစားများဖြစ်သည့် ပဲတီစိမ်း၊ နှမ်း၊ ထောပတ်ပဲနှင့်မြေပဲသီးနှံများမှာ အရောင်းအဝယ်ပုံမှန်ရှိသော်လည်း ဈေးနှုန်းများကျဆင်းလျက်ရှိကာ အိန္ဒိယပို့ကုန်ဖြစ်သည့် မတ်ပဲနှင့်ပဲစင်းငုံများမှာ ဝယ်လိုအားကောင်းမွန်လာမှုကြောင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## အေးခဲသရက်သီးအနှစ် မလေးရှားကိုတင်ပို့မည်




အေးခဲသရက်သီးအနှစ်ကို မလေးရှားနိုင်ကိုတင်ပို့ဖို့ ဆောင်ရွက်နေတယ်လို့ မန္တလေး တိုင်းဒေသကြီး သရက်အသင်းတာဝန်ရှိသူကပြောပါတယ်။ လမ်းခရီးအကွာအဝေးနဲ့ လတ်ဆတ်တဲ့သရက်သီးကို တင်ပို့ရောင်းချဖို့မလွယ်ကူတဲ့ အခြေအနေမျိုးတွေကြောင့် သရက်အနှစ်ကို ထုတ်လုပ်ရောင်းချဖို့ ဖြစ်လာတာလို့ပြောပါတယ်။ ဒီသရက်သီးအနှစ် တွေကို မန္တလေးမြို့ သဇင်နွယ်သရက်လုပ်ငန်းက တင်ပို့ရောင်းချသွားမှာဖြစ်တယ်လို့ လည်းသိရပါတယ်။ "မလေးရှားကို သရက်သီးလတ်လတ်ဆတ်ဆတ်အနေနဲ့ ပို့ဖို့ မလွယ်ဘူးဆိုတော့ အေးခဲသရက်သီးပို့မယ်။ သရက်သီးအနှစ်ထုတ်ပြီးတော့ အေးခဲသရက်သီးလို့ခေါ်ပါတယ်။ မလေးရှားကို အရင်ပို့မှာပါ မလေးရှားက မနှစ်ကလည်း တစ်ခါယူဖူးပါတယ်။ မနှစ်ကတော့ လေယာဉ်ပျံနဲ့ပို့တာပေါ့ ဒီနှစ်ကတော့ သင်္ဘောနဲ့ ပို့မှာပါ ။ " လို့ မန္တလေးတိုင်းဒေသကြီး သရက်အသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေကပြောပါတယ်။

ကိုဗစ်ကာလ သရက်သီးတင်ပို့ရာမှာ သင်္ဘောနဲ့တင်ပို့ရတဲ့အတွက် ပိုပြီးအဆင်ပြေလာတယ်လို့ သိရပါတယ်။ လေယာဉ်နဲ့ သရက်သီးတစ်တန်သာတင်ပို့နိုင်ပြီး သင်္ဘောနဲ့တင်ပို့ရာမှာတော့ ကွန်တိန်နာတွေနဲ့ လိုသလောက်ကိုတင်ပို့နိုင်လာတဲ့အတွက် သရက်သီးတင်ပို့နိုင်မှု အားကောင်းလာတယ်လို့ မန္တလေးတိုင်းဒေသကြီး သရက်အသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောပါ တယ်။ "သင်္ဘောနဲ့ပို့လိုက်တော့ လေးတန်ယူတဲ့ရက်ရှိတယ်၊ ငါးတန်ယူတဲ့ရက်ရှိတယ် ၊ ရှစ်တန်ယူတဲ့ ရက်ရှိတယ်၊ တစ်ချို့ဆိုရင် ပေ(၂၀) ကွန်တိန်နာနဲ့ပို့ပေးပါ၊ (၁၀) တန်ယူမယ် တန်(၂၀) ယူမယ် အဲ့လိုမျိုးတွေ တောင်းဆိုလာတဲ့ဟာတွေရှိပါတယ်။ ဒါပေမယ့်

မပို့နိုင်ပါဘူး အရည်အသွေးပြည့်တဲ့သရက်ရဖို့ ဘယ်လောက်ပဲ ရောက်လာလာရွေးရပါတယ်။ ရွေးပြီးတော့မှ အရည်အသွေးပြည့်တဲ့ သရက်တွေကိုပဲ ပို့ရတာပါ။ ” လို့ ဒေါ်သန်းသန်းဆွေက ပြောပါတယ်။

မြန်မာသရက်တွေကို စက်ဘုပူနဲ့ တရုတ်ကို အဓိကတင်ပို့နေရပြီး ဒူဘိုင်းကိုပို့ဖို့လည်း စီစဉ်နေတယ်လို့သိရပါတယ်။ လက်ရှိ မြန်မာ့စိန်တစ်လုံးသရက်ဟာ ပြည်ပဈေးကွက်မှာ အောင်မြင်ရရှိနေပြီး ရွှေဟင်္သာ ၊ ပတ္တမြားငမောက်၊ မချစ်စုတွေကိုလည်း စမ်းသပ်ပို့ထားတယ်လို့ မန္တလေးတိုင်း ဒေသကြီး သရက်အသင်းဥက္ကဋ္ဌကပြောပါတယ်။

**Source:** https://web.facebook.com/onenewsmyan/

## ပတ္တမြားငမောက် သရက်မျိုး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ရှမ်းပြည်နယ်သစ်သီးဝလံအသင်း တာဝန်ရှိသူအကြံပြု



ရှမ်းပြည်နယ်အတွင်း၌ ပြည်တွင်းဈေးကွက်ဝယ်လိုအားအပေါ် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသည့် ပတ္တမြားငမောက်သရက်မျိုးများကို ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ရှမ်းပြည်နယ် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်း တာဝန်ရှိသူက အကြံပြုပြောဆိုခဲ့သည်။ “ပြည်ပဈေးကွက်အထိတင်ဖို့ စဉ်းစားစရာမလိုဘူး။ ပြည်တွင်းဈေးကွက်မှာတင် ရောင်းမလောက်ဖြစ်နေတာ။ ဝယ်လိုအားအရ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ သရက် စိုက်ဧက စုစုပေါင်း ၂၀၀၀၀ လောက်မှာ ပတ္တမြားငမောက် စိုက်ဧကက ၀ ဒသမ ၁ ရာခိုင်နှုန်းတောင်မရှိသေးဘူး။ ဒါကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်တယ်” ဟု ရှမ်းပြည်နယ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း တာဝန်ရှိသူ၊ ရပ်စောက် မြို့နယ်မှ သရက်စိုက်တောင်သူ ဦးဝင်းနိုင်က ကမ္ဘောဇတိုင်းသို့ပြောသည်။

စံချိန်မီ စိန်တစ်လုံး သရက်သီးတစ်လုံးလျှင် အများဆုံးအလေးချိန် ၃၀ ကျပ်သား (၅၀၀ ဂရမ်) ခန့်သာရှိပြီး၊ စံချိန်မီ ပတ္တမြားငမောက်သရက်သီးတစ်လုံးလျှင် အလေးချိန် ၇၅ ကျပ်သား (၁၂၅၀ ဂရမ်)ခန့် ရှိကာ ဒေသတွင်း၌ ပတ္တမြားငမောက် သရက်သီးတစ်လုံးလျှင် ၅၀၀ ကျပ်နှုန်းဖြင့်ရောင်းချရပြီး ရန်ကုန်နှင့်မန္တလေးဈေးကွက်များတွင် ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။ “အဓိက ကတော့ အချိုဓါတ်ပါဝင်နှုန်းနည်းလို့ ဆီးချို၊ သွေးတိုးရောဂါသည်တွေအတွက် အထူးသင့်လျော်တယ်။ ဥပမာ စိန်တစ်လုံးသရက်မှာ သကြား(အချိုဓါတ်) ပါဝင်မှုက ၁၄ ရာခိုင်နှုန်းအထက်ဆိုရင် ပတ္တမြားငမောက်သရက်မှာ ၈ ကနေ ၁၀ ရာခိုင်နှုန်းလောက်ပဲပါတယ်လို့ ကျန်းမာရေးဆိုင်ရာသုတေသန စာတမ်းအချို့မှာဖော်ပြထားတာရှိပါတယ်” ဟု ဦးဝင်းနိုင်က ဆက်လက်ပြောဆိုခဲ့သည်။

ရှမ်းပြည်နယ်အတွင်း သရက် ပန်းပွင့်ချိန်ဖြစ်သည့် ဒီဇင်ဘာနောက်ဆုံးအပတ်မှ မတ်လ ပထမအပတ် အတွင်း စိန်တစ်လုံး၊ ရင်ကွဲ၊ မချစ်စု၊ ရွှေဟင်္သာနှင့် အခြားသရက်မျိုးများ အပါအဝင် ပတ္တမြားငမောက်တို့ အချိန်အားဖြင့် ကွဲပြားခြားနားခြင်းမရှိသော်လည်း သရက်မျိုး၏ ဇီဝကမ္မပေါ် မူတည်၍ ဆွတ်ခူးချိန်စောခြင်း၊ နောက်ကျခြင်းတို့ ဖြစ်လေ့ရှိရာ ပတ္တမြားငမောက်သရက်မှာ စိန်တစ်လုံးသီးအကုန် ရင်ကွဲသီးမခူးမီ ကြားကာလဖြစ်သည့် ဇူလိုင်လအတွင်း ထွက်ရှိခြင်းသည်လည်း ဈေးကောင်းရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်ဟုသိရသည်။


**Source:** https://www.kanbawzatainews.com/2020/07/M_6.html

## တရုတ်မှ လိမ္မော်သီးအမျိုးအစား (၅)မျိုး တင်သွင်းခွင့်ပြုထားမှုအပေါ် ကန့်ကွက်မှုများ စတင်ဆောင်ရွက်လာသည့် အမေရိကန်ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စုက ယခုနှစ်၊ ဧပြီလအတွင်း တရုတ်မှအချဉ်ဓာတ်ပါ၍ အရည်ရွှမ်းသည့်သစ်သီး(citrus fruit)အမျိုးအစား (၅)မျိုးအား တင်သွင်းခွင့်ပြုလိုက်သည့်အပေါ် ကန့်ကွက်မှုများပေါ်ပေါက်လာပြီး၊ ၎င်းသစ်သီးများ တင်သွင်းမှုအား တားမြစ်ရေးဥပဒေထုတ်ပြန်ရန် စတင်အဆိုပြုလာကြပါသည်။

အမေရိကန်-တရုတ် ကုန်သွယ်ရေးသဘောတူညီချက် ပထမအဆင့်၏ အစိတ်အပိုင်းတစ်ခုအဖြစ် တရုတ်နိုင်ငံမှ

ကျွဲကောသီး၊ Nanfeng ပျားလိမ္မော်၊ ponkanလိမ္မော် အမျိုးအစား (မြန်မာနိုင်ငံတွင် စားလေ့ရှိသည့် အခွံနွှာစားရလွယ်ကူသော လိမ္မော်သီးမျိုး)၊ လိမ္မော်အချို (အခွံထူ၍ လက်ဖြင့် နွှာစားရန်မလွယ်ကူသော အမျိုးအစား)နှင့် Satsuma မန်ဒရင်းလိမ္မော် အမျိုးအစားတို့အား အမေရိကန်သို့တင်သွင်းရန် အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။


ကျွဲကောသီး


Nanfeng ပျားလိမ္မော်


Ponkan လိမ္မော်သီး


လိမ္မော်အချို


Satsuma မန်ဒရင်း လိမ္မော်အမျိုးအစား

UPIမှ အစီရင်ခံစာအရ အမေရိကန်မှ (အထူးသဖြင့် ဖလော်ရီဒါပြည်နယ်မှ) အလားတူသစ်သီးမျိုးစိုက်ပျိုးသူများအား သက်ရောက်နိုင်မည့်အပေါ် စိုးရိမ်ပူပန်မှုကြောင့် ထိုကဲ့သို့ တင်သွင်းခွင့်ပြုခြင်းအတွက် ဆက်လက်ဆောင်ရွက်နေမှုများအား ရပ်တန့်လိုက်ရန် အမေရိကန်ဥပဒေပြုသူများက စတင်အဆိုပြုနေကြကြောင်းသိရပါသည်။ သို့ရာတွင် ထိုကဲ့သို့ အဆိုပြုချက် အောင်မြင်ရန်မှာ အချိန်များစွာ ကြာမြင့်နိုင်ဦးမည်ဖြစ်ကြောင်း သိရပါသည်။

အမေရိကန်ပြည်ထောင်စုသို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်သွင်း ခွင့်ရရှိရေးအတွက် သိပ္ပံနည်းကျ အထောက်အထားများပေါ်တွင်အခြေခံ၍ ခွင့်ပြုခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံမှ သစ်သီးဝလံများအား ယခုကဲ့သို့ တင်သွင်းခွင့်ပြုသော်လည်း စံသတ်မှတ်ချက်များပြည့်မီခြင်းမရှိပါက ဝင်ရောက်ခွင့်ပြုမည်မဟုတ်ပါ။ တရုတ်နိုင်ငံဘက်က အမေရိကန်မှ ကျင့်သုံးသည့် ပြည်ပမှတင်သွင်းသော အပင်နှင့်အပင်ထွက်ကုန်စည်များအပေါ် ပိုးမွှားရောဂါအန္တရာယ်ကင်းစင်ရေး စီမံဆောင်ရွက်မှုများကို လိုက်နာသွားမည်ဟု သဘောတူထားပါသည်။ တရုတ်နိုင်ငံမှတင်ပို့လာသော သစ်သီးဝလံများ အမေရိကန်ပြည်ထောင်စုသို့ရောက်ရှိလာပါက ပိုးမွှားရောဂါအန္တရာယ်ကင်းစင်ရေးအတွက် စစ်ဆေးမှုများကို ပထမဆုံးဆိုက်ရောက်သည့် ဆိပ်ကမ်းတွင်ပြုလုပ်ရမည်ဖြစ်ကြောင်းသိရှိရပါသည်။

**Source: fruitnet.com** (၃၀.၆.၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

TIR

## အနည်းဆုံး လုပ်ခလစာတိုးမြှင့်ရေး၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ အတွက် ထည့်သွင်းစဉ်းစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ MHLW က ဆွေးနွေးခဲ့ကြောင်းသိရ

အနည်းဆုံးလုပ်ခလစာ တိုးမြှင့်ရေးအတွက် ဆုံးဖြတ်နိုင်ရန် ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန (MHLW) ၏ Central Minimum Wages Council သည် အနိမ့်ဆုံး လုပ်အားခတိုးမြှင့်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပခဲ့ကြောင်းသိရပါသည်။ မကြာသေးမီနှစ်များမှစ၍ လေးနှစ်ဆက်တိုက် လုပ်ခလစာအား ၃% ခန့် တိုးမြှင့်ပေးခဲ့သော်လည်း ယခု ၂၀၂၀ ပြည့်နှစ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ကပ်ရောဂါပြန့်ပွားမှုကြောင့် နိုင်ငံ၏ စီးပွားရေးသည် လျင်မြန်စွာကျဆင်းလာနေပါသည်။

လက်ရှိအကျပ်အတည်းများကြောင့် အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းရှင်အဖွဲ့အစည်းများသည် လုပ်ခလစာတိုးမြှင့်ရေးအတွက် တုန့်ဆိုင်းနေဆဲဖြစ်ပြီး အစိုးရအနေဖြင့်လည်း အထူးသတိပြုဆောင်ရွက်နေသည့် အခြေအနေဖြစ်ပါသည်။ အနည်းဆုံး လုပ်ခလစာဆိုင်ရာ စိစစ်မှုနှင့်စပ်လျဉ်း၍ ဂျပန်ဝန်ကြီးချုပ် Mr. Shinzo Abe သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အကျပ်အတည်းဖြစ်နေသည့် အခြေအနေများကိုထည့်သွင်းစဉ်းစား၍ စိစစ်ရန် ညွှန်ကြားခဲ့ကြောင်းသိရပါသည်။

၂၀၁၇ ခုနှစ်တွင် အနည်းဆုံး လုပ်ခလစာနှင့်ပတ်သက်၍ တစ်နိုင်ငံလုံး အတိုင်းအတာ အတွက် ပျမ်းမျှအားဖြင့် ၂၇ ယန်း တိုးမြှင့်ပေးခဲ့ပြီးနောက် ၉၀၁ ယန်းနှုန်းဖြစ်လာခဲ့ပါသည်။ ၎င်းနောက် ဂျပန်အစိုးရသည် လုပ်အားခကို တိုးမြှင့်ခြင်းဖြင့် စားသုံးမှုကိုပါ တိုးမြှင့်လာစေနိုင်ပြီး ငွေကြေးဖောင်းပွမှုကိုပါ လျော့ချပစ်နိုင်ခဲ့သဖြင့် တစ်နိုင်ငံလုံးအတွက် အနိမ့်ဆုံးလစာ

သတ်မှတ်ချက်ကို ပျမ်းမျှ ၁၀၀၀ ယန်းအဖြစ် သတ်မှတ်သည့် မူဝါဒကို အစိုးရအဖွဲ့တွင် အတည်ပြု ချမှတ်ခဲ့ပါသည်။

သို့သော်လည်း ယခု ၂၀၂၀ ပြည့်နှစ်တွင် လုပ်ခလစာတိုးမြှင့်ပေးမှုကို ရပ်ဆိုင်းသင့်ကြောင်း ဂျပန် ကုန်သည်/စက်မှု အသင်းချုပ်ဥက္ကဌ Mr. Akio Mimura က အခိုင်အမာပြောဆိုခဲ့ပါသည်။ အချို့စီးပွားရေး ပညာရှင်များကမူ လုပ်အားခတိုးမြှင့်မှုကို ရပ်ဆိုင်းပါက စီးပွားရေးသည်လည်း ကျဆင်းလာနိုင်ပြီး အလုပ်အကိုင်ကဏ္ဍကိုပါ ထိခိုက်လာနိုင်ကြောင်း ထောက်ပြပြောဆိုခဲ့ပြီး ဆွေးနွေးရန် ခက်ခဲသည့် ကိစ္စတစ်ရပ်သဖွယ်ဖြစ်နေပါသည်။

Central Minimum Wages Council တွင် အလုပ်သမားနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိုယ်စားလှယ်များ၊ လူထုအကျိုး စီးပွားဆောင်ရွက်နေကြသူ ကိုယ်စားလှယ်ပါဝင်ကြပြီး ယခုဇူလိုင်လနှောင်းပိုင်းတွင် လုပ်အားခနှင့်ပတ်သက်သည့် စံနှုန်းတစ်ခုကို သတ်မှတ်နိုင်ကြမည်ဟု မျှော်လင့်နေကြောင်းသိရပါသည်။

**Source: The Cabinet Office of Japan, The Prime Minister's Office of Japan, The Japan Times, The NHK World**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## STOCK EXCHANGE (7.7.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 6th Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 10,500 | 11,000 | 10,500 | 963 | 10,122,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,850 | 3,850 | 3,750 | 3,412 | 13,085,900 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,300 | 8,300 | 8,100 | 16 | 130,600 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | -500 | -2.22% | 22,500 | 22,500 | 22,000 | 229 | 5,151,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 23 | 62,100 | 19,977,223 | 53,939 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 444.29 | -10.04 | -2.21% | 447.83 | 454.33 | 444.29 | 4,643 | 28,552,100 | 6 | 661,092 |

**Index chart**



# Market Overview

As of 1:00 pm, 6th Jul. 2020

| MYANPIX | 444.29 ▼ 10.04 |
|---|---|
| Total Volume (shares) | 4,643 |
| Total Value (MMK) | 29 mil |
| Listed Company | 6 |
| Market Cap. (MMK) | 661,092 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 8,100 | ▼ 200 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |

TIR